## ပူးပေါင်းပါဝင်ခြင်း ( Participation )

ပူးပေါင်းပါဝင်ခြင်းလို့ပြောမယ်ဆိုရင် ကျွန်တော်တို့ အနေနဲ့ စဉ်းစားစရာမေးခွန်းလေးတွေ ရှိလာပါပြီ ။

- ဘာကြောင့် ဒေသခံလူထုကို ပူးပေါင်းပါဝင်စေချင်ရတာလဲ ။
- ဒေသခံလူထုရဲ့ ပူးပေါင်းပါဝင်မှုက အဖွဲ့အစည်းရဲ့ စီမံချက်လုပ်ငန်းတွေ/ဒေသခံတွေ အတွက် ဘယ်လိုအကျိုး ကျေးဇူးတွေ ရှိလာနိုင်ပါသလဲ ။
- ပူးပေါင်းပါဝင်မှု နည်းပါးခြင်းကြောင့် ဘယ်လိုဆိုးကျိုးတွေ ဖြစ်လာနိုင်ပါသလဲ ။
- ပူးပေါင်းပါဝင်ခြင်းကို အဟန့်အတားဖြစ်စေနိုင်တဲ့ အကြောင်းအရာတွေက ဘာတွေ ဖြစ်နိုင်မလဲ ။
- ပူးပေါင်းပါဝင်မှုကို ဘယ်လိုတိုင်းတာ သတ်မှတ်လို့ရနိုင်ပါသလဲ ။

စီမံချက်လုပ်ငန်း ၊ လူထုဖွံ့ဖြိုးမှုလုပ်ငန်းမှာ အတူတကွ ပါဝင်ဆောင်ရွက်ကြသူအားလုံးကို ယေဘူယျအားဖြင့် **"ပူးပေါင်းပါဝင်သူ "** ဒါမှမဟုတ် **" ပူးပေါင်းပါဝင်ခြင်း "** ရှိသူလို့ ပြောလို့ရနိုင်ပေမယ့် ပူးပေါင်းပါဝင်မှုသဘောထား ခံယူချက်တွေအပေါ်မူတည်ပြီး စီမံချက်လုပ်ငန်း ၊ လူထုဖွံ့ဖြိုးရေးလုပ်ငန်း တွေရဲ့ အောင်မြင်မှုတွေ ကွဲပြားခြားနားမှု ရှိနိုင်ပါတယ် ။ နမူနာအားဖြင့် အတင်းအဓမ္မ ပူးပေါင်းပါဝင် စေခြင်းဟာ မိမိသဘောဆန္ဒအလျောက် ပူးပေါင်းပါဝင်ခြင်းကဲ့သို့ ရလာဒ်ကောင်းများရရှိနိုင်မည် မဟုတ်ပေ။ ဆွေးနွေးညှိနှိုင်းခွင့် ၊ ဆုံးဖြတ်ပိုင်ခွင့်ရှိသော ပူးပေါင်းပါဝင်မှုသည်သာ ရလာဒ်ကောင်းတွေကို ရရှိစေနိုင်မှာ ဖြစ်ပါတယ် ။

**ပူးပေါင်းပါဝင်ခြင်း**

**ပူးပေါင်းပါဝင်ခြင်းကြောင့် မိမိတို့၏အရေးကိစ္စများအား သေသေချာချာ သိမြင်စေပြီး ကိုယ်တိုင်ဆုံးဖြတ် ဆောင်ရွက်နိုင်စေခြင်း ၊ ယင်းသို့ပူးပေါင်းပါဝင်ခြင်းမှ လူထု၏ပြဿနာများ ၊ လိုအပ်ချက်များကို ပြင်ပပံ့ပိုးကူညီသူများနှင့် အတူတကွဖော်ထုတ်နိုင်ပြီး လုပ်ငန်းစီမံကိန်းများ အတူတကွ ရေးဆွဲနိုင်ခြင်း ၊ အကောင်အထည်ဖော်နိုင်ခြင်း ၊ ထိမ်းသိမ်း စီစစ်နိုင်ခြင်း ၊ ပိုမို တာဝန် ယူလာနိုင်ခြင်းတို့ကို ဖြစ်ပေါ်စေသည် ။**

ပူးပေါင်းပါဝင်ခြင်းတွင်

( ၁ )   အတုအယောင်ပူးပေါင်းပါဝင်ခြင်း ( **Pseudo Participation** )

( ၂ )   အစစ်အမှန်ပူးပေါင်းပါဝင်ခြင်း (**Genuine Participation** )ဟူ၍ (၂)မျိုးရှိပါသည် ။

( ၁ )   အတုအယောင်ပူးပေါင်းပါဝင်ခြင်း ( **Pseudo Participation** )

- ပူးပေါင်းပါဝင်သူများအနေဖြင့် မိမိတို့ ဘာကြောင့်ပါဝင်ရသည်ကို တိတိကျကျမသိသကဲ့သို့ ၊ သိနိုင်ရန်ကြိုးစား ခြင်းလည်း မရှိပါ ။

- ပြင်ပအဖွဲ့အစည်း ( သို့မဟုတ် ) စီမံချက်မှ ပုံစံချမှတ်ပေးသည်ကိုသာ ဆောင်ရွက်သည် ။

- ပြင်ပအဖွဲ့အစည်းမှလည်း ထိုသူများအား သင်တန်းပေး ပုံစံသွင်းပြီး မိမိတို့ပြောသမျှအား လိုက်နာဆောင်ရွက်ပေးသည့်အခမဲ့ဝန်ထမ်းကဲ့သို့ သဘောထားပြီး စီမံချက်လုပ်ငန်းအားစိတ်ပါဝင်စား လာစေရန်ရှင်းပြခြင်းမရှိပါ ။

- တစ်ခါတစ်ရံ လက်ဆောင်ပစ္စည်းများပေးကမ်းပြီး ၎င်းတို့အား မိမိအဖွဲ့ပိုင်ဝန်ထမ်းသဖွယ် သဘောထားလာ ပါသည် ။

- အဖွဲ့အစည်းပိုင် အမှတ်အသားတံဆိပ်များ ၊ အိပ်များဝတ်ဆင်ထားခြင်းကြောင့် ဒေသခံလူထုမှ လည်း၎င်းတို့အား အဖွဲ့အစည်း၏ဝန်ထမ်းများယောင်ယောင် ထင်လာကြသည် ။

- ရပ်ရွာအကျိုးပြုလုပ်ငန်းများသည် ၎င်းတို့ပိုင်လုပ်ငန်းဟုသဘောမပေါက်ဘဲ စီမံချက်ပိုင် လုပ်ငန်းဟု ထင်မြင် ယူဆခြင်းကြောင့် အဖွဲ့အစည်းပေါ်မှီခိုမှု များပြားလာသည် ။

**( ၂ )   အစစ်အမှန်ပူးပေါင်းပါဝင်ခြင်း** ( Genuine Participation )

- ကျေးရွာအတွင်းရှိဒေသခံများ၏လိုအပ်ချက်များကို ကျေးရွာလူထုနှင့်အတူ ပူးပေါင်း ဖော်ထုတ်ခြင်း

- ကျေးရွာလိုအပ်ချက်နှင့် ပြဿနာရပ်များကိုဖြေရှင်းရန် လူထုနှင့်ကိုယ်တိုင်ပူးပေါင်းပါဝင်ပြီး စီမံချက်များ ရေးဆွဲခြင်း ၊ အင်အားများစုစည်းပြီး ဝိုင်းဝန်းဆုံးဖြတ်ခြင်း ၊

- လုပ်ငန်းအစီအစဉ်များအား အကောင်အထည်ဖော်ဆောင်ရာတွင်လည်း ပြင်ပမှဝင်ရောက် ဆောင်ရွက်ခြင်းမဟုတ်ဘဲ ကိုယ်တိုင်စီမံကိန်းရေးဆွဲဆောင်ရွက်ခြင်း

- ပြင်ပအဖွဲ့အစည်းမှ နည်းပညာနှင့် မိမိတို့ကျေးရွာတွင်မရရှိနိုင်သော အကူအညီများသာရယူပြီး စီမံချက် အကောင်အထည်ဖော်ခြင်း ၊ ထိမ်းသိမ်းခြင်း ၊ နိုးဆော်ခြင်း ၊ ဆန်းစစ်ခြင်းတို့ကို ကိုယ်တိုင်ပြုလုပ်ခြင်း ၊

**ပူးပေါင်းပါဝင်ခြင်းအဆင့်များ**

အခြေခံအားဖြင့်ပူးပေါင်းပါဝင်မှုကို အဆင့်(၄)ဆင့် ခွဲခြားသတ်မှတ်ထားသည် ။

အဆင့်(၁) နားထောင်သူ **Listener** ( လိုအပ်သည်များကို ဖြေကြားသူ )

အဆင့်(၃) အလုပ်တွင်ပါဝင်သူ **Participant** ( ဆုံးဖြတ်ပိုင်ခွင့်မရှိ ၊ညွှန်ကြားမှုအတိုင်းလုပ်ရသူ)

အဆင့်(၄) ဆုံးဖြတ်ချက်ချသူ **Decider** ( ဆုံးဖြတ်ပိုင်ခွင့် လုပ်ပိုင်ခွင့်ရှိသူ )

**လူထုပူးပေါင်းပါဝင်မှုဘာကြောင့် အရေးကြီးရပါသလဲ ။**

- ကျေးရွာလူထုအတွက် ဆောင်ရွက်ရမည့် အသင့်တော်ဆုံးစီမံချက်ကို အကောင်းဆုံးသိသူဖြစ်ခြင်း ၊

- လူထု၏စွမ်းရည်မြှင့်တင်ပေးခြင်းသည်သာလျှင် စီမံချက်ရေရှည်တည်တံ့မှုကို ရရှိနိုင်ခြင်း ၊

- လူထုဖွံ့ဖြိုးရေးလုပ်ငန်းသည် လူထုကိုသာအခြေပြုခြင်း စသည့်အချက်များကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံချက်လုပ်ငန်းများတွင် လူထု၏ပူးပေါင်းပါဝင်မှုသည် အရေးကြီးရခြင်းဖြစ်သည် ။

ထို့အပြင် အောက်ပါရလာဒ်ကောင်းများအတွက်လည်း လူထုအား ပူးပေါင်းပါဝင်စေသင့်ပါသည် ။

+ စည်းလုံးညီညွတ်မှုရရှိစေရန် ၊


+ အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်စေရန် ၊

+ အကြံဉာဏ်များ ရယူရန် ၊

+ လိုအပ်ချက်များဖော်ထုတ်ရန် ၊ ညှိနှိုင်းဆောင်ရွက်ရန် ၊

+ လုပ်ငန်းဆောင်ရွက်ချက်များသိရှိစေရန် ၊

+ အားသာချက်အားနည်းချက်များ ပြုပြင်စေရန် ၊




**ပြင်ပအဖွဲ့အစည်းများမှ ကျေးရွာသို့ပံ့ပိုးပေးမှု ( လုပ်နည်းလုပ်ဟန် ) (၃)မျိုး**

(၁) ကျေးရွာလူထု၏သာယာဝပြောရေးအတွက် စောင့်ရှောက်ပေးခြင်း ( **Community Welfare Approach** )

ဥပမာ ... ဖြန့်ဝေရေး (**Distribution** )

(၂) အကျိုးပြုလုပ်ငန်းများတွင်ကျေးရွာလူထုအားပူးပေါင်းပါဝင်စေခြင်း(**Community Participatory Approach** )

ဥပမာ ... (**Temporary School** )

(၃) ကျေးရွာလူထုအခြေပြုနည်းဖြင့် ဆောင်ရွက်ခြင်း ( **Community-Based Approach** )

ပူးပေါင်းပါဝင်ခြင်းနှင့်ပါတ်သက်ပြီး အဖွဲ့အစည်းများ၏ လုပ်နည်းလုပ်ဟန် ၊ အခန်းကဏ္ဍ နှင့် ကျေးရွာလူထု၏ အခန်းကဏ္ဍများဟူ၍ နှိုင်းယှဉ်ကြည့်လျှင် သိသာထင်ရှားနိုင်ပါသည် ။

| **အဖွဲ့အစည်း၏<br>လုပ်နည်းလုပ်ဟန်** | **အဖွဲ့အစည်း၏<br>အခန်းကဏ္ဍ** | **လူထု၏<br>အခန်းကဏ္ဍ** |
|---|---|---|
| လူထုအား<br>စောင့်ရှောက်ကူညီခြင်း<br>**Welfare** | – လူထုအားဝန်ဆောင်မှုပေးခြင်း ၊<br>စောင့်ရှောက်မှုပေးခြင်း ၊<br>ပစ္စည်းများဝေငှပေးခြင်း | – အဖွဲ့အစည်းမှပေးသော ဝန်ဆောင်မှု ပစ္စည်းများ ၊ ငွေကြေး စသည်တို့ကို ရယူရန်သက်သက်ပါဝင်စေခြင်း ၊ |
| လူထုအား<br>ပါဝင်ဆောင်ရွက်စေခြင်း<br>**Participatory Apporch** | – လူထုအားနည်းပညာများလေ့ကျင့်သင်ကြားပေးခြင်း ၊<br>– ပုံစံများချမှတ်ပေးပြီး လိုက်နာဆောင်ရွက်စေခြင်း ၊ | – လူထုသည် ပြင်ပအဖွဲ့အစည်းမှ သင်ကြားပို့ချပေးသမျှကို မှတ်သားပြီး တာဝန်ပေးမှုများကို အဖွဲ့ ကိုယ်စားဆောင်ရွက်ကြသည် ။ |
| လူထုအခြေပြုနည်းဖြင့်<br>ဆောင်ရွက်ခြင်း<br>**Community-Based** | – လူထုအားစွမ်းဆောင်ရည်များ တိုးမြှင့်ပေးပြီး ဖွံ့ဖြိုးရေးဖြစ်စဉ်များကို ဘေးမှပံ့ပိုးပြီး လျှင်မြန်စွာဖြစ်ထွန်းအောင်မြင်စေသည် ။ | – မိမိတို့၏ကိစ္စများကို ကိုယ်တိုင်သိမြင်နားလည်ပြီး ကိုယ်တိုင်ဆုံးဖြတ်ချက်များနှင့် စီမံခန့်ခွဲဆောင်ရွက်သည် ။ |

**ကိုယ်တိုင်ပါဝင်ပန်းတိုင်ရှင် ( SARAR-S ) ဆာရာ-အက်စ် S ( Self-esteem )**

- လူထုသည်မိမိတို့ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုယ်တိုင် ဆုံးဖြတ် ဆောင်ရွက်ရန် ၊ မိမိတို့ကိုယ်ကိုယ် ယုံကြည်မှု ၊ နိုးကြားမှု ၊ တက်ကြွမှုများ ရှိနေရန် ။ **A ( Action Plan )**
- လူထုသည်စိတ်ဓါတ်နိုးကြား တက်ကြွလာပြီးနောက်စံနစ်တကျ လုပ်ရှားဆောင်ရွက်မှု အတွက် လူထုကိုယ်တိုင် စီမံကိန်းရေးဆွဲခြင်း ၊ **R (Right & Responsibility )**
- လူထုသည်ပြင်ပအဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုများကို ရပိုင်ခွင့်အဖြစ်အားလုံးမှ သဘော တူညီထားပါက ၄င်းရပိုင်ခွင့်ကို မလွဲမသွေ ရရှိနိုင်ရန်ကြိုးစားရမည်ဖြစ်သည် ။ သို့သော်လည်း

ရပိုင်ခွင့်များကိုရယူရုံနှင့် မပြီးဆုံးသေးပါ ။ လူထုဘက်မှလည်း မိမိတို့၏တာဝန်များကို ကျေပြွန်ရန် လိုအပ်ပါသည် ။ **A ( Associated Strength )**

- လူထုအတွင်းရှိအင်အားများကို စုစည်းခြင်းဖြင့် / ခိုင်မာအောင်ပြုလုပ်ခြင်းဖြင့် လုပ်ငန်း များကို ပိုမိုတိုးတက် ဖြစ်ထွန်းအောင်မြင်စေနိုင်ပါသည် ။ **R ( Resourcefulness )**
- လူထုအတွင်းရှိ အရင်းအမြစ်/အရင်းအနှီးများပြည့်စုံတိုးပွားမှုဖြစ်သည် ။ အရင်းအမြစ် ဆိုသည်မှာ လူအင်အား ၊ ငွေကြေးအင်အား ၊ ပစ္စည်းအင်အား ၊ နည်းပညာအင်အား ၊ စိတ်ဓါတ်အင်အား စသည်တို့ဖြစ်သည် ။ **S ( Self-governance )**

မိမိတို့ ကိစ္စအတွက် မိမိတို့ကိုယ်တိုင်သာလျှင် ဆုံးဖြတ်ခြင်း ၊ ရွေးချယ်ခြင်း ၊ စိုးမိုးခြင်း ဖြစ်သည် ။

လူထုပူးပေါင်းပါဝင်မှုကို ရရှိနိုင်စေသော နည်းလမ်းများထဲမှ အများအားဖြင့် အသုံးပြုလေ့ ရှိသော ကိရိယာများကို ဖော်ပြထားပါသည် ။ ထို ကိရိယာများကို " Participatory Tool/ Approach " များအဖြစ် လူသိများပါသည် ။

**အခြေပြမြေပုံများ**

(၁) **လူမှုဆိုင်ရာမြေပုံရေးဆွဲခြင်း** ( **Social Maps** )

(၂) ကျေးရွာအတွင်းသွားရောက်လေ့လာခြင်း ( **Transects** )

(၃) ရာသီလိုက်ဇယားရေးဆွဲခြင်း ( **Seasonal Calendars** )

(၄) တစ်နေ့တာအချိန်ဇယား ( **Daily Routine Diagrams** )

(၅) ရပ်ရွာပြောင်းလဲမှုလေ့လာခြင်း ( **Trend lines** )

(၆) အကြောင်းအရင်းကိုဆန်းစစ်လေ့လာခြင်း ( **Causal Diagrams** )

(၇) ရပ်ရွာအတွင်းအရေးပါမှု/ဩဇာသက်ရောက်မှု ( **Venn Diagram** )

## (၁) လူမှုဆိုင်ရာမြေပုံရေးဆွဲခြင်း ( Social Maps )

### ရည်ရွယ်ချက်

ရပ်ရွာမြေပုံ ၊ အရင်းအမြစ်များ ၊ အားသာချက်/အားနည်းချက်ရှိသောနေရာများ သိရှိနိုင်ရန် ...

